# စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | အခန်း(၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁-၂ |
| ၃ | အခန်း(၂) ရည်ရွယ်ချက် | ၃ |
| ၄ | အခန်း(၃) အခြေခံမူများ | ၃ - ၄ |
| ၅ | အခန်း(၄) ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်ဝတ္တရားများ | ၄ - ၆ |
| ၆ | အခန်း(၅) တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ခြင်းနှင့် အဆင့်တိုးမြှင့်ခြင်း | ၆ - ၁၁ |
| ၇ | အခန်း(၆) ထောက်ပံ့မှုပေးခြင်း | ၁၁ - ၁၂ |
| ၈ | အခန်း(၇) စေတနာ့ဝန်ထမ်းဂေဟာ/ရိပ်သာများလိုက်နာရန် စည်းကမ်းချက်များ | ၁၂ - ၁၆ |
| ၉ | အခန်း(၈) ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ | ၁၇ |
| ၁၀ | အခန်း(၉) စေတနာမူလတန်းညကျောင်းနှင့်လူငယ်ရိပ်သာများ | ၁၇ - ၁၉ |
| ၁၁ | နိဂုံး | ၁၉ |
| ၁၂ | လျှောက်လွှာပုံစံများ<br>(၁) ဂေဟာတည်ထောင်ခွင့်ပြုရန်လျှောက်လွှာပုံစံ<br>(၂) ဂေဟာ/ရိပ်သာများအသိအမှတ်ပြုခြင်း/ အဆင့်တိုးမြှင့်ခြင်းများ အတွက်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများ၏စစ်ဆေးချက်မှတ်တမ်း(ပုံစံ)<br>(၃) ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ အသိအမှတ်ပြုရေး အတွက်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများ၏ စိစစ်ချက် ပုံစံ(၁)<br>(၄) ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအသိအမှတ်ပြုရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများ၏စိစစ်ချက် ပုံစံ(၂)<br>(၅) မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်လွှာ<br>(၆) စေတနာမူလတန်းညကျောင်းများတွင် ပညာဒါနသင်ကြားပေးနေသော ဆရာ/ဆရာမများ၏ကိုယ်ရေးအချက်အလက်ပုံစံ | <br>(နောက်ဆက်တွဲ-က)<br>(နောက်ဆက်တွဲ-ခ)<br><br><br>(နောက်ဆက်တွဲ-ဂ)<br><br><br>(နောက်ဆက်တွဲ-ဃ)<br><br><br>(နောက်တက်တွဲ-င)<br>(နောက်ဆက်တွဲ-စ) |

## **လူမှုဝန်ထမ်းဦးစီးဌာန၏အမှာစာ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏လူမှုဝန်ထမ်းလုပ်ငန်းရပ်များတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ရပ်ရွာအတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ ကိုယ့်အားကိုယ်ကိုးမူကြိုများ၊ လူငယ့်ရိပ်သာများ၊ စေတနာညကျောင်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ထားသည့် လူမှုစောင့်ရှောက်ရေးဂေဟာများအား သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် နည်းပညာအကူအညီ၊ ငွေကြေးထောက်ပံ့ခြင်းများကို ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် စတင်တည်ထောင်စဥ်က မိမိတို့၏ စေတနာ၊ သဒ္ဒါတရား ထက်သန်စွာဖြင့် ကိုယ့်အားကိုယ်ကိုး ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား လိုအပ်ချက်များကို အပြည့်အဝထောက်ပံ့ပေးခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ ဓနအင်အားအနေအထားအရ တစ်စိတ်တစ်ဒေသ ပံ့ပိုးကူညီပေးခြင်း ဖြစ်ပါသည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ထောက်ပံ့ရေးဆိုင်ရာစည်းမျဉ်းကို ယခင်ကာလများက ရေးဆွဲထုတ်ပြန်ခဲ့ပြီး ယခုအခါ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ခေတ်ကာလနှင့် လျော်ညီစေရန် **စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်** အဖြစ်ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

သို့ပါ၍ ယခုထုတ်ပြန်ရေးဆွဲထားသည့် **စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်**သည် ရပ်ရွာအတွင်း တည်ထောင်ဖွင့်လှစ်ထားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်ပါသဖြင့် ဤလုပ်ငန်းလမ်းညွှန်ကို တိကျစွာလိုက်နာဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။



ဒေါက်တာစန်းစန်းအေး

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

## စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်

**နိဒါန်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် လူမှုဝန်ထမ်းဆိုင်ရာမူဝါဒများနှင့်အညီ နိုင်ငံတော်၏ကိုယ်စား လူမှုရေးချို့တဲ့သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို စောင့်ရှောက်မှု ပေးလျက်ရှိပါသည်။

၂။ အထက်ဖော်ပြပါလုပ်ငန်းများကို နိုင်ငံတော်ကသာမက ပြည်သူလူထုကလည်း စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း တတ်စွမ်း သမျှဆောင်ရွက်လျက်ရှိပါသည်။ ယင်းစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းရပ်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်နှင့်ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် အဆိုပါအဖွဲ့အစည်းများအား ငွေကြေးအထောက်အပံ့နှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

၃။ နိုင်ငံတော်အနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထား ရှိသည့် ဂေဟာ/ရိပ်သာ/ကျောင်းများ၏ လိုအပ်ချက်များကို အပြည့်အဝထောက်ပံ့ပေးခြင်း မဟုတ်ဘဲ တစ်စိတ်တစ်ဒေသသာ ကူညီပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ထိုသို့ထောက်ပံ့ကြေးရရှိနိုင်ရန် စနစ်တကျလျှောက်ထားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ရှိအသုံးပြုနေသော ထောက်ပံ့ကြေး စည်းမျဉ်းအား ခေတ်စနစ်နှင့်လျော်ညီနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်အဖြစ် ပြင်ဆင်ရေးဆွဲ ရခြင်းဖြစ်ပါသည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် တည်ဆဲ ဥပဒေ၊ နည်းဥပဒေများအရ ဤလုပ်ငန်းလမ်းညွှန်ကို စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင် ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်ဟုခေါ်တွင်ရမည်။

၅။ ဤလုပ်ငန်းလမ်းညွှန်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **စေတနာ့ဝန်ထမ်းအဖွဲ့အစည်း** ဆိုသည်မှာ အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းများကဖြစ်စေ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစု စောင့်ရှောက်ရန် ရည်ရွယ်၍ မိမိတို့အစီအစဉ်ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ အမျိုးသမီးဂေဟာများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ လူငယ့် ရိပ်သာနှင့် စေတနာမူလတန်းညကျောင်းများကို ဆိုသည်။

(ခ) **လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ** ဆိုသည်မှာ ခိုကိုးရာမဲ့နှင့်ဆင်းရဲနွမ်းပါးသော အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို လက်ခံစောင့်ရှောက်ပေးသော နေရာကို ဆိုသည်။

(ဂ) **မသန်စွမ်းဂေဟာ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်ရှိပြီး ရေရှည်ခံစားနေရသူများကို လက်ခံစောင့်ရှောက် ပေးသောဂေဟာကို ဆိုသည်။

(ဃ) **ဘိုးဘွားရိပ်သာ** ဆိုသည်မှာခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများအတွက် နားခိုရာ ရိပ်သာဖြစ်ပြီး စားသောက်နေထိုင်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ပေးလျက်ရှိသော ရိပ်သာကို ဆိုသည်။

(င) **အမျိုးသမီးဂေဟာ** ဆိုသည်မှာ ခိုကိုးရာမဲ့၊ ဆင်းရဲနွမ်းပါးနှင့် ရပ်ရွာအတွင်း လူမှုရေးအခက်အခဲကြုံတွေ့နေရသော အမျိုးသမီးများကို လက်ခံစောင့်ရှောက် ပေးသော ဂေဟာကို ဆိုသည်။

(စ) **တည်ထောင်ခွင့်ပြုမိန့်**ဆိုသည်မှာ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများ နှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၆။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်ရေးဆွဲရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်လျက်ရှိသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် နိုင်ငံတော်ကိုယ်စား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့မှုများပေးနိုင်ရန်၊

(ခ) ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအား ပြုစုပျိုးထောင်ခြင်းအားဖြင့် တိုင်းပြည်၏ အရန်အင်အားစုတွင် တစ်တပ်တစ်အား ပါဝင်လာစေရန်၊

(ဂ) တည်ထောင်ထားရှိသော ဂေဟာ/ရိပ်သာ/ကျောင်းများတွင် လက်ခံစောင့်ရှောက်ထားသူများကို ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်ကျကျ စောင့်ရှောက်မှုများပေးနိုင်ရန်၊

(ဃ) ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များအတွက် ပြုစုပျိုးထောင်စောင့်ရှောက်မှုအပြင် ကလေးသူငယ်အခွင့်အရေး ပြည့်ဝစွာရရှိစေနိုင်ရန်၊

(င) လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်။

## အခန်း(၃)
## အခြေခံမူများ

၇။ စေတနာ့ဝန်ထမ်းဂေဟာများသည် လူမှုရေးအခက်အခဲကြုံတွေ့နေရသော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးသည့် လူမှုရေးလုပ်ငန်းသက်သက်ကိုသာ လုပ်ကိုင်သောဂေဟာများဖြစ်ရမည်။ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် လက်ခံစောင့်ရှောက်ထားသူများအပေါ် အားလုံးတန်းတူညီမျှ ဖြစ်စေရမည်။

၈။ ဂေဟာများတွင်စောင့်ရှောက်ထားသည့် မွေးစမှ (၅)နှစ်အောက် ကလေးသူငယ်များအား ပုံမှန်မိသားစုတွင် ကြီးပြင်းနိုင်စေရန်အတွက် ဥပဒေနှင့်အညီ မွေးစားပေးရေးလုပ်ငန်းကို ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်မည့်ဂေဟာများသည် ၂၀၁၄ ခုနှစ်၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ အရ သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ရမည်။

၁၀။ စေတနာ့ဝန်ထမ်းဂေဟာများသည် ဤလုပ်ငန်းလမ်းညွှန်ပါ သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးများမှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၁။ လူမှုဝန်ထမ်းဦးစီးဌာနမှ တည်ထောင်ခွင့်ပြုပြီးသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် သတ်မှတ်ချက်အဆင့်အတိုင်း ထောက်ပံ့ကြေးငွေရရှိရန် ဘဏ္ဍာရေးနှစ်အလိုက် လျှောက်ထားတင်ပြရမည်။

၁၂။ တည်ထောင်ထားရှိပြီးသည့် စေတနာ့ဝန်ထမ်းဂေဟာများ ရေရှည်တည်တံ့နိုင်ရေးနှင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် သင့်တင့်သော လိုအပ်သည့် နည်းပညာအကူအညီကို လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကူညီမှုများရရှိရန် လျှောက်ထားနိုင်သည်။

၁၃။ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ထားသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး တာဝန်ရှိသူများ၏ စစ်ဆေးမှုကို အချိန်အခါမရွေး ခံယူရမည်။

## အခန်း(၄)

## ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းနှင့်တာဝန်ဝတ္တရားများ

### ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

၁၄။ စေတနာ့ဝန်ထမ်း ဂေဟာ/ရိပ်သာ/ကျောင်းတိုင်းတွင် လုပ်ငန်းများကို ဦးဆောင်လမ်းညွှန်မှုပေးရန် နာယကအဖွဲ့နှင့် တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရမည်။

၁၅။ ယင်းအဖွဲ့များကို သက်ဆိုင်ရာ နယ်မြေအာဏာပိုင်အဖွဲ့အစည်းများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းရမည်။

၁၆။ နာယကအဖွဲ့တွင် သက်ဆိုင်ရာလုပ်ငန်းများကို စိတ်ဝင်စားသူ(၃)ဦး သို့မဟုတ် (၅)ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ နာယကအဖွဲ့သည် သံဃာတော်များဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်/ကျေးရွာ သံဃာ့နာယကအဖွဲ့ဝင်(၁)ပါး၊ ကျောင်းထိုင်ဆရာတော်(၁)ပါးဖြင့်

ပါဝင်ဖွဲ့စည်းရမည်ဖြစ်ပြီး၊ ဂေဟာသည် ဘာသာရေးအဆောက်အဦ/ဝင်းအတွင်း ဖွင့်လှစ်ခြင်း ဖြစ်ပါက ကျောင်းထိုင်ဆရာတော်၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၇။ ကြီးကြပ်ရေးအဖွဲ့ကို လုပ်ငန်းပမာဏအလိုက် လူမှုဝန်ထမ်းလုပ်ငန်းတွင် စိတ်ပါဝင်စားသူ လူပုဂ္ဂိုလ်အနည်းဆုံး(၁၁)ဦးနှင့် အများဆုံး(၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ ထိုပုဂ္ဂိုလ်များသည် ဂေဟာ/ ရိပ်သာ/ကျောင်းတည်ရှိရာ မြို့နယ် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ သက်ဆိုင်ရာ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းနှင့်သက်ဆိုင်၍ အထောက်အကူပေးနိုင်သော ဌာနဆိုင်ရာများမှကိုယ်စားလှယ်များ၊ လူမှုရေးလုပ်ငန်းကို စိတ်ပါဝင်စား၍ အမှန်တကယ်ပါဝင် ဆောင်ရွက်နိုင်သူများဖြစ်ရမည်။

၁၈။ ကြီးကြပ်ရေးအဖွဲ့က ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို ရွေးချယ်တာဝန်ပေးပြီး သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့စည်း၏ သဘောတူညီချက်ကို တင်ပြရယူရမည်။

၁၉။ ကြီးကြပ်ရေးအဖွဲ့တွင် ဂေဟာမှူးသည် အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူး ဖြစ်ရမည်။

၂၀။ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်သူဖြစ်ရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊

(ဂ) လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားပြီး ရပ်ရွာလူထုကလက်ခံနိုင်သူဖြစ်ရမည်၊

(ဃ) အသက်(၂၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(င) ရာဇဝတ်မှု ကျူးလွန်ခဲ့သူမဖြစ်စေရ၊

(စ) စိတ်ရောဂါရှိသူများမဖြစ်စေရ။

**ကြီးကြပ်ရေးအဖွဲ့၏တာဝန်ဝတ္တရားများ**

၂၁။ ကြီးကြပ်ရေးအဖွဲ့သည် မိမိဂေဟာ/ရိပ်သာ/ကျောင်းအတွက် လုပ်ငန်းလမ်းညွှန်ချက်၊ စီမံချက်နှင့် လုပ်ဆောင်ရန်မူများကို လူမှုဝန်ထမ်းဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လမ်းညွှန်ချက် များနှင့်အညီ ချမှတ်ထားရှိ ကျင့်သုံးဆောင်ရွက်ရမည်။

၂၂။ ကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းအလိုက်အဖွဲ့ငယ်များ ဖွဲ့စည်းပေးခြင်း၊ အဖွဲ့ငယ်များအား လုပ်ငန်းတာဝန်ခွဲဝေပေးခြင်း၊ ပစ္စည်းများ/ဘဏ္ဍာငွေများ ရှာဖွေခြင်း၊ ထိန်းသိမ်းသုံးစွဲခြင်း၊ စာရင်း အင်းနှင့် စာရွက်စာတမ်းများ ထားသိုခြင်းစသည်တို့ကို ကြီးကြပ်ခန့်ခွဲပေးရမည်။

၂၃။ ကြီးကြပ်ရေးအဖွဲ့သည် မိမိတို့၏ဂေဟာအား ရေရှည်တည်တံ့နိုင်ရေးအတွက် နှစ်ရှည် စီမံချက်နှင့် နှစ်တိုစီမံချက်များကိုရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်း ရုံးများသို့ ပေးပို့အကောင်အထည်ဖော်ရမည်။

၂၄။ ကြီးကြပ်ရေးအဖွဲ့သည် လစဉ်အစီရင်ခံစာနှင့် ငွေစာရင်းလချုပ်၊ နှစ်ချုပ်အစီရင်ခံစာ၊ နှစ်ချုပ်ငွေစာရင်းများကို သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးသို့ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးပို့ရမည်။

၂၅။ လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးရရှိခံစားလျက်ရှိသော ဂေဟာများသည် နှစ်စဉ်ထောက်ပံ့မှု ဆက်လက်ရရှိရေးအတွက် ထောက်ပံ့ကြေးလျှောက်လွှာများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ထားသည့်ကာလအတွင်း ရောက်ရှိအောင်ပေးပို့ရမည်။

၂၆။ လူမှုဝန်ထမ်းဦးစီးဌာနမှ အခါအားလျော်စွာ လာရောက်စစ်ဆေးမှုကို ခံယူရန်နှင့် စစ်ဆေးချက်အစီရင်ခံစာပါ သုံးသပ်ချက်၊ အကြံပြုချက်၊ ကန့်ကွက်ချက်များကို သတ်မှတ်ထားသည့်ရက်အတွင်း ပြန်လည်ရှင်းလင်းအစီရင်ခံ၍ မိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးမှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးပို့ရမည်။

၂၇။ ဂေဟာ၏ရည်မှန်းချက်နှင့်အညီ ဂေဟာရှိ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ၏ အကျိုးကို ထာဝစဉ်ရှေးရှုဆောင်ရွက်ရမည်။

## အခန်း(၅)

## တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ခြင်းနှင့်အဆင့်တိုးမြှင့်ခြင်း

၂၈။ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်သည် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို မိမိအစီအစဉ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် ဂေဟာဖွဲ့စည်းတည်ထောင်လိုလျှင် လူမှုဝန်ထမ်းဦးစီးဌာနသို့ ခွင့်ပြုမိန့်ရရှိရန် (နောက်ဆက်တွဲ-က)ဖြင့် လျှောက်ထားရမည်။ တည်ထောင်ခွင့်ပြုမိန့်ရရှိပြီးပါက ထောက်ပံ့မှုရရှိနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂၉။ တည်ထောင်ဖွင့်လှစ်ထားသော ဂေဟာများသည် အောက်ဖော်ပြပါအချက်(၅)ချက်နှင့် ညီညွတ်မှုရှိရမည် -

(က) ဘိုးဘွားရိပ်သာတွင် အနည်းဆုံး လူဦးရေ(၂၀)ဦးရှိရမည်ဖြစ်ပြီး၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မသန်စွမ်းဂေဟာနှင့် အမျိုးသမီးဂေဟာများတွင် သာမန်အားဖြင့် လူဦးရေ(၅၀)ဦးရှိရမည်၊

(ခ) ဂေဟာ/ရိပ်သာသည် လက်ခံစောင့်ရှောက်ထားသူများကို ကောင်းမွန်စွာစောင့်

ရှောက်နိုင်သည့် အခြေခံကောင်းသော လစဥ်(သို့)နှစ်စဥ်ဝင်ငွေ၊ လိုအပ်သော ဂေဟာပိုင်မြေနေရာနှင့် အဆောက်အဦ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများ၊ ဂေဟာ/ရိပ်သာ၏အခြေအနေနှင့် လျော်ညီသော လိုအပ်သည့်ဝန်ထမ်းများရှိရမည်၊

(ဂ) ဂေဟာ/ရိပ်သာသည် ရေရှည်တည်တံ့ခိုင်မြဲမည့် အခြေအနေရှိရမည်၊

(ဃ) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ ဂေဟာ/ရိပ်သာ ဖွင့်လှစ်နေခြင်းကို သိရှိ ထောက်ခံမှုရှိရမည်။

(င) ဂေဟာတွင်လက်ခံစောင့်ရှောက်ထားသော ကလေးဦးရေအနက်မှ စုစုပေါင်း လူဦးရေ၏(၃၀)ရာခိုင်နှုန်းသည် မိဘမဲ့ကလေးဖြစ်ရမည်။

၃၀။ အထက်ဖော်ပြပါအချက်အလက်များနှင့် ညီညွတ်မှုရှိသော ဂေဟာများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးမှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ဂေဟာအား တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အထောက်အထားများနှင့်တကွ ပူးတွဲတင်ပြ လျှောက်ထားရမည်-

(က) ဘိုးဘွားရိပ်သာတွင် အနည်းဆုံး လူဦးရေ(၂၀)ဦးရှိရမည်ဖြစ်ပြီး၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မသန်စွမ်းဂေဟာနှင့် အမျိုးသမီးဂေဟာများတွင် သာမန်အားဖြင့် လူဦးရေ(၅၀)ဦးရှိရမည်(ပုံစံ-၁)၊

(ခ) ဂေဟာကြီးကြပ်မှုကော်မတီစာရင်း(ပုံစံ-၂) ၊

(ဂ) အဆောက်အအုံစာရင်း၊အဆောက်အဦဓါတ်ပုံ(Lay Out Plan) (ပုံစံ-၅)၊

(ဃ) ဂေဟာပိုင်မြေ၏မြေပုံနှင့်မြေပိုင်ဆိုင်မှုအထောက်အထား(ပုံစံ-၄)၊ (သာသနာ့မြေပေါ်တွင်ဖွင့်လှစ်ထားပါက ဆရာတော်၏ သဘောတူညီချက် ရရှိရမည်၊ မြို့နယ်သံဃာ့နာယကအဖွဲ့၏ ထောက်ခံချက်၊ မြို့နယ်သာသနာရေး ဦးစီးဌာန၏ ထောက်ခံချက်၊ အခွန်လွတ်သာသနာ့မြေဂရန်မိတ္တူ သို့မဟုတ် မူလသာသနာမြေမိတ္တူ သို့မဟုတ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ထောက်ခံချက်)

(င) ဂေဟာပိုင်ရန်ပုံငွေစာရင်းနှင့် ဘဏ်ငွေစာရင်းစာအုပ်မိတ္တူ(ပုံစံ-၆)၊ (မြန်မာ့စီးပွားရေးဘဏ်တွင် ဂေဟာအမည်ဖြင့်ငွေစုစာအုပ်ပြုလုပ်ပြီး ရန်ပုံငွေ အနည်းဆုံးကျပ်(၅၀)သိန်းနှင့် လစဥ်ဘဏ်လက်ကျန်သည် အနည်းဆုံး ကျပ်(၁၀)သိန်း ရှိရမည်)

(စ) ဂေဟာပိုင်ပစ္စည်းစာရင်း(ပုံစံ-၇)၊

(ဆ) သက်ဆိုင်ရာမြို့နယ်/ခရိုင် မှတ်ပုံတင်ရေးအဖွဲ့၏ အသင်းအဖွဲ့များ မှတ်ပုံတင် ရရှိပြီးဖြစ်ရမည် (ပုံစံ-၃)၊

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူး၏ ထောက်ခံချက်၊

(ဈ) ဂေဟာဆိုင်းဘုတ်နောက်ခံနှင့်ကလေး/ဘိုးဘွားများ၏ဓာတ်ပုံ(ပုံစံ-၈)။

၃၁။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးသည် တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်နိုင်ရန် ဂေဟာ၏လျှောက်လွှာကို လက်ခံရရှိသည့်အခါ အဆိုပါဂေဟာအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်ပါဝင်သော အဖွဲ့ဖြင့် သတ်မှတ်ချက်နှင့်အညီ စစ်ဆေးရမည်။

၃၂။ ဂေဟာတစ်ခုသည် လူမှုဝန်ထမ်းဦးစီးဌာနသို့ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်သည်နှင့် တစ်ပြိုင်နက် ပထမအဆင့်ဂေဟာအဖြစ် ထောက်ပံ့မှုရရှိရန် ဆက်လက်ဆောင်ရွက်ပေးရမည်။

၃၃။ ဒုတိယအဆင့်သို့ တိုးမြှင့်ရန်လျှောက်ထားသောဂေဟာသည် အောက်ပါ အချက်အလက် များဖြင့်ပြည့်စုံရမည် -

(က) ဂေဟာနေ လူဦးရေအနည်းဆုံး(၃၀)ဦးရှိရမည်။ ဘိုးဘွားရိပ်သာများသည် လူဦးရေ အနည်းဆုံး(၂၀)ဦးရှိရမည်၊

(ခ) ဂေဟာသည် လက်ခံစောင့်ရှောက်ထားသူများကို ကောင်းစွာစောင့်ရှောက်နိုင်သည့် အခြေခံကောင်းသော လစဥ် သို့မဟုတ် နှစ်စဥ်ဝင်ငွေ၊ လိုအပ်သော ဂေဟာပိုင် မြေနေရာနှင့် အဆောက်အအုံ၊ လုပ်ငန်းပစ္စည်းများ၊ ဂေဟာ၏အခြေအနေနှင့် လျော်ညီသော လိုအပ်သည့်ဝန်ထမ်းများရှိရမည်၊

(ဂ) စောင့်ရှောက်ထားသူများအား ကြီးကြပ်ကွပ်ကဲရန် စေတနာ့ဝန်ထမ်း ဂေဟာ အုပ်ချုပ်ရေးမှူးရှိရမည်၊

(ဃ) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာများနှင့် မသန်စွမ်းဂေဟာ များတွင် အတန်းပညာသင်ကြားရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် အတန်း ပညာသင်ကြားနိုင်ခြင်း မရှိသူများအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေး အစီအစဥ်များရှိရမည်၊

(င) စောင့်ရှောက်ထားသူများ၏ စားဝတ်နေရေး ၊ကျန်းမာကြံ့ခိုင်ရေး၊ အပန်းဖြေရေး၊ စာရိတ္တမြှင့်တင်ရေး၊ စိတ်ဓါတ်ကောင်းမွန်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့်အစီအစဥ်များရှိရမည်၊

(စ) ဂေဟာ၏ လုပ်ငန်းအရပ်ရပ်တိုးတက်မှုရှိရမည်၊

(ဆ) ပထမအဆင့်တွင် (၃)နှစ်ရှိပြီးဖြစ်ရမည်။

၃၄။ တတိယအဆင့်သို့ တိုးမြှင့်ရန် လျှောက်ထားသောဂေဟာသည် အောက်ပါအချက် အလက်များနှင့် ပြည့်စုံရမည်-

(က) ဒုတိယအဆင့်တွင်အနည်းဆုံး (၅) နှစ်ပြည့်ပြီးဖြစ်ရမည်၊

(ခ) ဂေဟာမှူးလစာရရှိရန်အတွက် ဂေဟာမှူးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သော ကျွမ်းကျင်မှုနည်းပညာပေးသည့် သင်တန်းဖြစ်သော ပြုစုစောင့်ရှောက်သူ(Care Giver)သင်တန်းသို့ တက်ရောက်ထားသူဖြစ်ရမည်၊

(ဂ) ဂေဟာ၏လုပ်ငန်းအရပ်ရပ် တိုးတက်မှုရှိရမည်။

၃၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးများ အနေဖြင့် ဂေဟာ/ရိပ်သာများမှ တည်ထောင်ခွင့်ပြုမိန့်နှင့် အဆင့်တိုးမြှင့်ခြင်း လျှောက်ထားလာပါက ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိသွားရောက်ကွင်းဆင်းစစ်ဆေးပြီး ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာများကို နောက်ဆက်တွဲ(ခ)ပါအတိုင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသည်။

၃၆။ ဂေဟာမှူးအတွက်လိုအပ်သော အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အနည်းဆုံးအခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်၊

(ခ) ဂေဟာမှူးသည်အသက်(၂၅)နှစ်မှ (၆၅)နှစ်အတွင်းဖြစ်ရမည်၊

**ခြွင်းချက်**။ ဂေဟာများတွင် ဂေဟာလုပ်ငန်းများကို စေတနာ့ဝန်ထမ်းအနည်းဆုံး(၃)နှစ် အနှစ်နာခံ၍ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ထိုဂေဟာ၏လုပ်ငန်းကို သိကျွမ်းနားလည်သည့်အပြင် ဂေဟာမှူးတာဝန်ကို ကောင်းစွာထမ်းဆောင်နိုင်သည်ဟု ဂေဟာမှူးရွေးချယ်ရေးအဖွဲ့က ယူဆခဲ့လျှင်လည်းကောင်း၊ ဒေသ၏ လိုအပ်ချက်အခြေအနေအရလည်းကောင်း၊ အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားနိုင်သည်၊

(ဂ) မြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ထောက်ခံစာတင်ပြရမည်၊

(ဃ) လူမှုရေးလုပ်ငန်းရပ်များတွင် စိတ်ပါဝင်စား၍ ဝါသနာပါသူဖြစ်ရမည်။ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရမည်။ သက်ဆိုင်ရာဂေဟာ အမျိုးအစားအလိုက် ပြုစုစောင့်ရှောက်သူ(Care Giver)သင်တန်း တက်ရောက်ပြီးသူအား ဦးစားပေးမည်၊

(င) ရာဇဝတ်မှုကျူးလွန်ခဲ့ဘူးသူမဖြစ်စေရ၊

(စ) ဂေဟာနေ စောင့်ရှောက်ထားသူများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲပြုစုပျိုးထောင်ပေးနိုင်သော အရည်အချင်းရှိရမည်။ ရုံးလုပ်ငန်းကို တတ်ကျွမ်းနားလည်ရမည်၊

(ဆ) ဌာနဆိုင်ရာများတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူမဖြစ်စေရ။

၃၇။ အပိုဒ်(၃၆)ပါ အရည်အချင်းနှင့်ပြည့်စုံသော ဂေဟာမှူးကို ရွေးချယ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးမှ ကိုယ်စားလှယ်(၁)ဦး၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်(၁)ဦး၊ ဂေဟာကြီးကြပ်ရေးအဖွဲ့ဝင်(၁)ဦးတို့ ပါဝင်သော(၃)ဦးအဖွဲ့ကရွေးချယ်ပြီး ဂေဟာအမှုဆောင်အဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် တင်ပြရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးမှ ခန့်ထားနိုင်သည်။

၃၈။ ဂေဟာမှူးခန့်ထားပြီးကြောင်းကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးမှ ဂေဟာမှူး၏ကိုယ်ရေးရာဇဝင်နှင့်တကွ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး၊ ဂေဟာမှူးသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိပါက ဂေဟာ/ရိပ်သာ ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်အလုပ်တာဝန်မှ ရပ်စဲနိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးမှ အတည်ပြုပေးရမည်။ အတည်ပြုချက်ကို လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြအသိပေးရမည်။

၃၉။ ဂေဟာမှူး၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဂေဟာမှူးသည် ဂေဟာကြီးကြပ်ရေးအဖွဲ့တွင် အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ဂေဟာကြီးကြပ်ရေးအဖွဲ့မှချမှတ်သော ရည်ရွယ်ချက်နှင့်လုပ်ငန်းများ အောင်မြင်စေရန်တာဝန်ယူ၍ ဆောင်ရွက်ရမည်၊

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဂေဟာတွင်စောင့်ရှောက်ထားသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်ရေး၊ ဗဟုသုတကြွယ်ဝရေးတို့အတွက် ဂေဟာကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ စနစ်တကျတာဝန်ယူဆောင်ရွက်ပေးရမည်၊

(င) ဂေဟာ၏ငွေစာရင်းများကို စနစ်တကျပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ လစဉ်ငွေစာရင်းရှင်းတမ်းများ၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို အချိန်မီပြုစုခြင်း၊ သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်း၊ ထောက်ပံ့ကြေးအတွက် လူဦးရေစာရင်းများပြုစု၍အချိန်မီပေးပို့ရမည်၊

(စ) ကလေးများ၏ ကိုယ်ရေးမှတ်တမ်းများကို အချိန်မှန်မှန် ဖြည့်သွင်းထားရှိရမည်၊

(ဆ) ဂေဟာအတွက် ရသုံးမှန်းခြေငွေစာရင်းများရေးဆွဲခြင်း၊ ဂေဟာပိုင်ပစ္စည်းများ စနစ်တကျစာရင်းပြုစုထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရမည်၊

(ဇ) ဂေဟာမှူးများသည် ဂေဟာနေကလေးများ၏စံနမူနာပြုအဖြစ် ပြုမူနေထိုင်ရမည်။

## အခန်း(၆)

## ထောက်ပံ့မှုပေးခြင်း

**ဆန်၊စားစရိတ်၊ဝတ်စရိတ်နှင့်ဂေဟာမှူးထောက်ပံ့ကြေး**

၄၀။ လူမှုဝန်ထမ်းဦးစီးဌာနသည် စေတနာ့ဝန်ထမ်းဂေဟာများအား အောက်ပါအတိုင်း အဆင့်(၃)ဆင့်ခွဲ၍ ထောက်ပံ့မည်ဖြစ်ပါသည် -

ပထမအဆင့် - ဆန်ဘိုးထောက်ပံ့ခြင်း၊
သတ်မှတ်ချက်နှင့်ကိုက်ညီသော ဂေဟာနေ ကလေးသူငယ်၊ မသန်စွမ်း၊ အမျိုးသမီး၊ ဘိုးဘွားများအားတစ်ဦး တစ်နှစ်လျှင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ဆန်ဘိုးငွေ၅၄၀၀ဝိ/- ကိုထောက်ပံ့ပေးမည်။

ဒုတိယအဆင့် - ဆန်ဘိုးထောက်ပံ့မှုအပြင် စားစရိတ်တစ်ဦး တစ်နှစ်လျှင် ၇၃၀၀ဝိ/- နှုန်းဖြင့်လည်းကောင်း၊ ဝတ်စရိတ်၂၀၀၀ဝိ/- နှုန်းဖြင့်လည်းကောင်း ထောက်ပံ့မည်၊

တတိယအဆင့်- ဆန်၊ စားစရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးထောက်ပံ့ကြေးကို (၁)လလျှင်၃၀၀၀ဝိ/-နှုန်းဖြင့် (၁)နှစ်အတွက်၃၆၀၀၀ဝိ/- ထောက်ပံ့မည်။

(အထက်ပါနှုန်းထားများကိုခေတ်ကာလနှင့်လျော်ညီစွာပြင်ဆင်ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်)

၄၁။ စည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သော စေတနာ့ဝန်ထမ်းဂေဟာသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးထံသို့ ထောက်ပံ့မှုရရှိရေးအတွက် ဂေဟာ/ ရိပ်သာများတွင် အမှန်တကယ်နေထိုင်သော လူဦးရေစာရင်းကို မတ်လ(၃၁)ရက်ထက် နောက်မကျစေဘဲ နှစ်စဉ်တင်ပြလျှောက်ထားရမည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးသည် ဂေဟာ/ရိပ်သာများမှတင်ပြလာသော လူဦးရေစာရင်း မှန်ကန်မှု ရှိ/မရှိ သေချာစွာ

စိစစ်ပြီး မှန်ကန်မှုရှိပါက လူမှုဝန်ထမ်းဦးစီးဌာနသို့ ထောက်ခံတင်ပြရမည်ဖြစ်ပါသည်။ ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများမှ ထောက်ခံတင်ပြလာသော လူဦးရေကို အတည်ပြုထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ အဆင့်တိုးမြှင့်ခြင်း၊ အဆင့်လျှော့ချခြင်းနှင့် ရပ်စဲခြင်းစသည်များကိုလည်း အထက်ပါအတိုင်း အဆင့်ဆင့် ထောက်ခံတင်ပြချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှဆုံးဖြတ်မည်။

## အခန်း(၇)

## စေတနာ့ဝန်ထမ်းဂေဟာ/ရိပ်သာများလိုက်နာရန်စည်းကမ်းချက်များ

၄၂။ မိဘမဲ့၍လည်းကောင်း၊ အုပ်ထိန်းသူမရှိ၍လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့၍ ခိုကိုးရာမဲ့ဖြစ်နေသူများ၊ မသန်စွမ်းသူများ၊ သားထောက်သမီးခံ ဆွေမျိုးဉာတိမရှိသည့် ဘိုးဘွားများအပါအဝင် လူမှုရေးစောင့်ရှောက်မှု လိုအပ်နေသူများနှင့် အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောသူများကို ဂေဟာအမျိုးအစားအလိုက် လက်ခံစောင့်ရှောက်ရမည်။

၄၃။ လူမှုဝန်ထမ်းရုံးများမှ ပို့အပ်သူများ၊ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်မှ လူမှုရေးအရ အပ်နှံလာသောသူများကို လက်ခံစောင့်ရှောက်ရမည်။ ပို့အပ်ရောက်ရှိလာသူနှင့်ပတ်သက်သည့် အချက်အလက်ပြည့်စုံစွာ ဖြည့်သွင်းဖော်ပြရမည်။

၄၄။ ဂေဟာ/ရိပ်သာသို့ လာရောက်အပ်နှံခြင်းနှင့် မိဘအုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ခြင်းများကို ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄၅။ ဂေဟာတွင်အမြဲတမ်းနေထိုင်သော ကလေးတိုင်း သတ်မှတ်အသက်အရွယ် ရောက်ရှိပါက ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုးရရှိရေးအတွက် ပြုလုပ်ပေးရမည်။

၄၆။ လက်ခံစောင့်ရှောက်ထားသူများအား မိမိတို့ကိုးကွယ်ရာဘာသာအလိုက် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ သို့ရာတွင် ဘာသာရေးကို အခြေခံ၍ ဖွင့်လှစ်ခြင်းမျိုးမရှိစေရ။

၄၇။ စေတနာ့ဝန်ထမ်းဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၏ လုပ်အားဖြင့်ရရှိသော ဝင်ငွေများကိုယင်းတို့၏အမည်ဖြင့် ငွေစုစာအုပ်များ စနစ်တကျ ဖွင့်လှစ်အပ်နှံစုဆောင်းထားပေးရမည်။

၄၈။ စေတနာ့ဝန်ထမ်းဂေဟာများသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်ကသော်လည်းကောင်း၊ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ကသော်လည်းကောင်း၊ အချိန်အခါမရွေး ကြည့်ရှုစစ်ဆေးခြင်းကို ခံယူရမည်ဖြစ်ပြီး စစ်ဆေးလမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၉။ စေတနာ့ဝန်ထမ်းဂေဟာများသည် အစီရင်ခံစာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးများသို့ လစဉ်မှန်မှန်ပေးပို့ရမည်။

၅၀။ ပြည်သူလူထုမှလှူဒါန်းသော ပစ္စည်းများနှင့်ငွေကြေးများ၊ နိုင်ငံတော်အစိုးရမှ ထောက်ပံ့သောငွေနှင့် ပစ္စည်းများကို ဂေဟာဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ စနစ်တကျ စည်းကမ်းကျနစွာ သုံးစွဲ၍ မှတ်တမ်းများကို စနစ်တကျအမြဲတမ်းထားရှိရမည်။

၅၁။ စေတနာ့ဝန်ထမ်းဂေဟာများ၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို အစိုးရအသိအမှတ်ပြုစာရင်းစစ်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသရှိ စာရင်းအင်းတတ်ကျွမ်းသူများနှင့်သော်လည်းကောင်း စစ်ဆေးပြီး အမှုဆောင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုထားရမည်။

၅၂။ စေတနာ့ဝန်ထမ်းဂေဟာများ၏ ဘဏ္ဍာရေးနှစ်အလိုက်ပြုစုရသော နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို နှစ်စဉ်ဧပြီလ(၃၀)ရက်မတိုင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးထံသို့(၂)စောင်ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းသို့ ပေးပို့ရမည်။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးများသည် လူမှုဝန်ထမ်းဦးစီးဌာနသို့ အဆိုပါနှစ်ချုပ် အစီရင်ခံစာမိတ္တူ(၁)စောင်ကို ဆက်လက် ပေးပို့ရမည်။

၅၃။ စေတနာ့ဝန်ထမ်းဂေဟာများသည် ကလေးသူငယ်အခွင့်အရေးများကိုထိခိုက်၊ ချိုးဖောက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဂေဟာ၏ ထောက်ပံ့မှုများကို ရပ်ဆိုင်းခြင်း၊ အဆင့်လျှော့ချခြင်းနှင့် တည်ထောင်ခွင့်ပြုခြင်းမှ ရပ်စဲခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅၄။ စေတနာ့ဝန်ထမ်းဂေဟာ/ရိပ်သာများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂေဟာ/ရိပ်သာအမည်ဖြင့် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ထားရှိရမည်။

**လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ**

၅၅။ သာမန်အားဖြင့်အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို လက်ခံစောင့်ရှောက်ရမည်။ အသက်(၁၈)နှစ်ကျော်လွန်သူများကို ဆက်လက်စောင့်ရှောက်ရန် လိုအပ်ပါက ဂေဟာကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သည်။ ထောက်ပံ့ကြေးလျှောက်ထားသည့်ကလေးစာရင်းတွင် အဆိုပါလူငယ်များ၏ အမည်စာရင်းပါဝင်ခြင်းမရှိစေရ။

၅၆။ ဂေဟာတွင် လက်ခံစောင့်ရှောက်ထားသူများကို အတန်းပညာသင်ကြားပေးရမည့်အပြင် အတန်းပညာသင်ယူလိုခြင်းမရှိသော ကလေးသူငယ်များကို ကျောင်းပြင်ပပညာရေးနှင့် မိမိတို့၏ ဘဝရပ်တည်မှုကို အထောက်အကူပြုစေမည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးရမည်။

၅၇။ ဒေသအခြေအနေနှင့်ကိုက်ညီ ဆီလျော်သော ဂေဟာဝင်ငွေရလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဂေဟာရှိလူငယ်များ၏ လုပ်အားကို ရယူရမည်။ ဂေဟာဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းရမည်။ ရေရှည်တွင် တိုင်းပြည်ကို အကျိုးပြုသည့် လူတော်လူကောင်းများမွေးထုတ်ပေးသည့် ဂေဟာများဖြစ်သည်အထိ မျှော်မှန်း ဆောင်ရွက်ရမည်။

၅၈။ ကလေးသူငယ်များ၏ စိတ်ဓါတ်ကောင်းမွန်ရေး၊ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ဗဟုသုတတိုးပွားရေး၊ ပျော်ရွှင်ရေးတို့အတွက်ဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် စာကြည့်ဆောင်များကိုအလျဉ်းသင့်သလို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဂေဟာတွင် စာကြည့်တိုက်ငယ်တစ်ခု တည်ထောင်ထားရှိရမည်။

**စေတနာ့ဝန်ထမ်းအမျိုးသမီးဂေဟာများ**

၅၉။ စေတနာ့ဝန်ထမ်းအမျိုးသမီးဂေဟာများ၌ အောက်ဖော်ပြပါအမျိုးသမီးများကို လက်ခံစောင့်ရှောက်ရမည် -

(က) ခိုကိုးရာမဲ့ဖြစ်နေသော အမျိုးသမီးများ၊

(ခ) မိဘမဲ့ သို့မဟုတ် အုပ်ထိန်းသူတို့၏ အုပ်ထိန်းမှုအောက်တွင်မရှိဘဲ လေလွင့်ပျက်စီးသွားမည် ကိုစိုးရိမ်ရသဖြင့် ပြုစုစောင့်ရှောက်ထားသင့်သော အမျိုးသမီးများ၊

(ဂ) ရပ်ရွာအတွင်း လူမှုရေးအခက်အခဲကြုံတွေ့နေရသည့် အမျိုးသမီးများ။

၆၀။ ဂေဟာတွင်လက်ခံထားသော အမျိုးသမီးများအား အောက်ပါအတိုင်း စောင့်ရှောက်ပြုပြင်ပေးရမည်-

(က) အတန်းပညာသင်ကြားပေးရမည့်အပြင် အတန်းပညာသင်ယူလိုခြင်းမရှိသော ကလေးသူငယ်များကို ကျောင်းပြင်ပပညာရေးနှင့် မိမိတို့၏ ဘဝရပ်တည်မှုကို အထောက်အကူပြုစေမည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးရမည်၊

(ခ) အကျင့်စာရိတ္တ ကောင်းမွန်တိုးတက်ရေး၊ အသိဉာဏ်ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အတွေးအခေါ် အသိစိတ်ဓာတ်မြင့်မားရေး၊ မိမိကိုယ်မိမိ ရပ်တည်လုပ်ကိုင်စားသောက်လိုစိတ်၊ အလုပ်ကို ဂုဏ်ယူတတ်သော စိတ်များဖွံ့ဖြိုးလာရေးတို့အတွက် လေ့ကျင့်သင်ကြားပေးရမည်၊

(ဂ) အိမ်တွင်းမှုနှင့် ဘဝတွက်တာကျွမ်းကျင်စရာသင်တန်းများ သင်ကြားပေးရမည်၊

(ဃ) ဂေဟာတွင် လက်ခံထားစဉ်ကာလအတွင်း အဆိုပါအမျိုးသမီးများ၏ စားဝတ်နေရေးနှင့် ကိစ္စအဝဝကို ဆောင်ရွက်ပေးရမည်၊

(င) အလုပ်အကိုင်နေရာချထားပေးရန်နှင့် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ဘဝရည်မှန်းချက်များထားရှိလာစေရေး ဆောင်ရွက်ပေးရမည်။

**စေတနာ့ဝန်ထမ်းမျက်မမြင်စောင့်ရှောက်ရေးဂေဟာများ**

၆၁။ လက်ခံစောင့်ရှောက်ထားသည့် အမြင်အာရုံချို့ယွင်းသူများအား ယင်းတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းရည်အလိုက် စာပေပညာသင်ကြားပေးခြင်းနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းများကို ပြုလုပ်ရမည်။ ပညာရေးတွင် ထူးချွန်သောသူများကို အဆင့်မြင့်ပညာ ဆက်လက်သင်ကြားပေးရန်နှင့် သာမန်အဆင့် ကျောင်းသား/ကျောင်းသူများကို ဘဝရပ်တည်မှုရှိစေသော အသက်မွေးဝမ်းကျောင်းပညာမျိုးကို တတ်ကျွမ်းအောင် သင်ကြားပေးရမည်။

၆၂။ ပညာသင်ကြားတတ်မြောက်ပြီးသော အမြင်အာရုံချို့ယွင်းသူများအား ယင်းတို့ တတ်မြောက်သည့်ပညာဖြင့် ဘဝရပ်တည်မှုပြုသွားနိုင်ရန် စုပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဂေဟာပိုင်အလုပ်ရုံ၊ အလုပ်ဌာနအဖြစ် ပေါ်ပေါက်လာစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

**စေတနာ့ဝန်ထမ်းနားမကြားသောကလေးများစောင့်ရှောက်ရေးဂေဟာများ**

၆၃။ အသက်(၆)နှစ်မှ (၁၈)နှစ်ကြားရှိ အကြားအာရုံချို့ယွင်းသော ကလေးများကို လက်ခံပြုစုစောင့်ရှောက်ရမည်။ ကျန်းမာရေးနှင့်ပြည့်စုံပြီး စာပေ သို့မဟုတ် လက်မှုပညာသင်ယူနိုင်သော အခြေအနေရှိသည့် ကလေးသူငယ်များသာ လက်ခံပြုစုစောင့်ရှောက်ရမည်။

၆၄။ အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများကို ကလေးအသက်အရွယ်အလိုက် သင်ကြားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

၆၅။ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ပြီးသူများအား ယင်းတို့တတ်မြောက်သည့် ပညာဖြင့် ဘဝရပ်တည်မှုပြုသွားနိုင်ရန် တတ်အားသရွေ့ စီစဉ်ဆောင်ရွက်ပေးရမည်။

၆၆။ အကြားအာရုံချို့ယွင်းသော ကလေးများအား စံလက်သင်္ကေတပြ ဘာသာစကားအသုံးပြု၍ သင်ကြားဆောင်ရွက်ရမည်။

**ကိုယ်အင်္ဂါမသန်စွမ်းနှင့်ဉာဏ်ရည်မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးဂေဟာများ**

၆၇။ ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မသန်စွမ်းသော ကလေးများ၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်မှု လိုအပ်ချက်များကို စေတနာရှင်များ၊ မသန်စွမ်းမှုဆိုင်ရာ ကျွမ်းကျင်သူများ၏ ပူးပေါင်းပါဝင်ကူညီလုပ်ဆောင်မှုဖြင့် အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၆၈။ မသန်စွမ်းသောကလေးများ၏ ဘဝကိုအတတ်နိုင်ဆုံး မြှင့်တင်ပေးရန်အတွက် ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မသန်စွမ်းသော ကလေးများ၏ဘဝနှင့် ၎င်းတို့၏ အခြေအနေအရပ်ရပ်ကို ပြည်သူလူထုမှ ပိုမိုနားလည်သဘောပေါက်လာစေရန် ဆောင်ရွက်ပေးရမည်။

၆၉။ ကိုယ်အင်္ဂါမသန်စွမ်းနှင့် ဉာဏ်ရည်မသန်စွမ်းသောကလေးများ တန်းတူညီတူအခွင့်အရေးရရှိရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ပေးရမည်။

၇၀။ အခြေခံပညာကျောင်းများသို့ တက်ရောက်နိုင်ခြင်းမရှိသော မသန်စွမ်းကလေးများအား ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများဖြင့် ပြုစုလေ့ကျင့်သင်ကြားပေးရန်နှင့် မသန်စွမ်းကလေးများ၏ နေ့စဉ်လှုပ်ရှားသွားလာဆောင်ရွက်မှုများကို မိမိကိုယ်တိုင်ကျွမ်းကျင်စွာ ဆောင်ရွက်တတ်စေရန်နှင့် လူမှုဘဝ ပတ်ဝန်းကျင်တွင် လိုက်လျောညီစွာ နေထိုင်နိုင်ရေးအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်ကို စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

**ဘိုးဘွားရိပ်သာများ**

၇၁။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် ဘိုးဘွားများကို လက်ခံရာတွင် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ရန် အောက်ပါအတိုင်း စိစစ်လက်ခံရမည်-

(က) သာမန်အားဖြင့်အသက်(၆၀)နှစ်ပြည့်ပြီးသူ၊

(ခ) ခိုကိုးရာမဲ့ဖြစ်ပြီး အမှန်တကယ် စောင့်ရှောက်ရန်လိုအပ်သူ၊

၇၂။ အထက်အပိုဒ်(၇၁)ပါအချက်များနှင့် ကိုက်ညီခြင်းမရှိသော်လည်း လူမှုဝန်ထမ်းဦးစီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ရိပ်သာကြီးကြပ်ရေးအဖွဲ့က လက်ခံသင့်သည်ဟု ယူဆသူများကို လက်ခံစောင့်ရှောက်ပေးရမည်။

၇၃။ စောင့်ရှောက်ထားသည့်ဘိုးဘွားများအား မိမိတို့ဝါသနာပါရာလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်။

၇၄။ ဘိုးဘွားများအား ယုံကြည်ရာဘာသာအလိုက် ကိုးကွယ်ကျင့်ကြံအားထုတ်နိုင်ရန် စီစဉ်ပေးရမည်။

## အခန်း(၈)

## ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ

၇၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ မှတ်ပုံတင်ခြင်း၊ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ နည်းပညာနှင့်သင်ထောက်ကူပစ္စည်း ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ တည်ထောင်ခွင့်ပြုမိန့် တင်ပြရာတွင် အောက်ဖော်ပြပါအချက်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါသည် -

(က) မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုရန်လျှောက်လွှာ၊
(ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေ၊ ပုံစံ -ဆ)(နောက်ဆက်တွဲ-င)

(ခ) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးသို့လျှောက်ထားစာ၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးမှသွားရောက်စစ်ဆေးရန်။
(အဓိကစံသတ်မှတ်ချက်(၆)ချက်၊ ယေဘုယျစံ(၁၅)ချက်ဖြင့်စစ်ဆေးရန်)
နောက်ဆက်တွဲ (ဂ) (ဃ)

**ထောက်ပံ့မှုပေးခြင်း**

၇၆။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသိအမှတ်ပြုပြီးသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများသို့ တစ်ကျောင်းလျှင် တာဝန်ခံဆရာမ တစ်ဦး တစ်လ ၃၀၀၀၀/- နှုန်းဖြင့် တစ်နှစ် ၃၆၀၀၀၀/-၊စာသင်ဆရာမ တစ်ဦး တစ်လ၂၀၀၀၀/- နှုန်းဖြင့် တစ်နှစ်၂၄၀၀၀၀/- စုစုပေါင်း တစ်ကျောင်းလျှင် ၆၀၀၀၀၀/-(ကျပ်ခြောက်သိန်းတိတိ)ဖြင့် ထောက်ပံ့ပေးလျက်ရှိပြီး၊ သင်ထောက်ကူပစ္စည်းထောက်ပံ့ကြေးအဖြစ် ဘဏ္ဍာငွေရရှိခြင်းပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိပါသည်။ (နှုန်းထားများကိုခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။)

## အခန်း(၉)

## စေတနာမူလတန်းညကျောင်းနှင့်လူငယ့်ရိပ်သာများ

၇၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးနှင့်လူငယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်အရ နေ့ဘက်တွင် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာသင်ကြားနိုင်ခြင်းမရှိသော ကလေးသူငယ်များအတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဖွင့်လှစ်ထားသော စေတနာ မူလတန်းညကျောင်းများသို့ ဆရာဂုဏ်ပြုစရိတ်၊ မီးတာခ၊ စာရေးကိရိယာနှင့် ပရိဘောဂ ထောက်ပံ့ကြေး

များကိုလည်းကောင်း၊ ရပ်ရွာအတွင်းရှိ လူငယ်များ အားလပ်ချိန်များကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အတန်းပညာများသင်ကြားခွင့်ရရှိစေရေးအတွက် တည်ထောင်ဖွင့်လှစ်ထားရှိသော လူငယ့်ရိပ်သာများသို့ ပရိဘောဂနှင့် အားကစားပစ္စည်းထောက်ပံ့ကြေးများကို နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိပါသည်။

၇၈။ ထိုသို့ထောက်ပံ့နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များတွင် ဖွင့်လှစ်ထားရှိသော စေတနာမူလတန်းညကျောင်းနှင့် လူငယ့်ရိပ်သာများအနေဖြင့် သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးများသို့ ထောက်ပံ့ကြေးရရှိနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးများအနေဖြင့် တင်ပြလာသော ကျောင်းများအား သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊ ကျောင်းများအနေဖြင့် လုပ်ရှားမှုအားကောင်းခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများနှင့်တကွ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

၇၉။ စေတနာမူလတန်းညကျောင်းနှင့် လူငယ့်ရိပ်သာများအတွက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) **လူငယ့်ရိပ်သာ။** အောက်ဖော်ပြပါ သတ်မှတ်ချက်များပါဝင်ပါသည် -

(၁) ကြီးကြပ်မှုကော်မတီစာရင်း၊

(၂) မြေပိုင်ဆိုင်မှုနှင့်အဆောက်အဦစာရင်း၊

(၃) လှုပ်ရှားဆောင်ရွက်မှု (စာပေ/အားကစား/အနုပညာ)၊

(၄) လူငယ်ဦးရေ (၃၀)ဦးရှိရမည်၊

(၅) လစဉ်အစီရင်ခံစာအားသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံးသို့တင်ပြရန်၊

(၆) လူငယ်အဖွဲ့ဝင်အသက်သတ်မှတ်ချက် (၁၅နှစ် မှ ၃၅နှစ်)၊

(၇) လူငယ့်ရိပ်သာမှတ်တမ်းဓာတ်ပုံ(ရိပ်သာဆိုင်းဘုတ်နောက်ခံပါ ကလေးများဓာတ်ပုံနှင့် ကလေးများလှုပ်ရှားမှုဓာတ်ပုံ)။

(ခ) **စေတနာမူလတန်းညကျောင်း။** အောက်ဖော်ပြပါ သတ်မှတ်ချက်များ ပါဝင်သည် -

(၁) သူငယ်တန်းမှ စတုတ္ထတန်းအထိ ကလေးငယ်များကို ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားရမည်၊

(၂) ကလေးဦးရေအနည်းဆုံး(၂၀)ဦးရှိရမည်၊

(၃) ဆရာ/ဆရာမ(၂)ဦးအနည်းဆုံးရှိရမည်၊

(၄) ရက်သတ္တပတ်(၁)ပတ်လျှင်အနည်းဆုံး (၃)ရက်သင်ကြားပေးရမည်၊

**ထောက်ပံ့မှုပေးခြင်း**

၈၀။ လူငယ့်ရိပ်သာနှင့် စေတနာမူလတန်းညကျောင်းများသို့ ထောက်ပံ့ငွေအသုံးစရိတ် ခေါင်းစဥ်အောက်မှ နှစ်စဥ်ထောက်ပံ့ပေးလျက်ရှိရာ လုပ်ရှားဆောင်ရွက်မှု အားကောင်းသော ကျောင်းများကို တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများ၏ ထောက်ခံတင်ပြချက်အရ လူငယ့်ရိပ်သာများသို့ ပရိဘောဂထောက်ပံ့ကြေး၊ အားကစားပစ္စည်းထောက်ပံ့ကြေးနှင့် စေတနာ မူလတန်းညကျောင်းများသို့ မီတာခ၊ ဆရာဂုဏ်ပြုစရိတ်၊ ပရိဘောဂကြေး၊ စာရေးကိရိယာ ထောက်ပံ့ကြေးများကိုရရှိသော ထောက်ပံ့ငွေအသုံးစရိတ်ပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိပါသည်။ တက်ကြွစွာလှုပ်ရှားသော စေတနာမူလတန်းညကျောင်းများတွင် ပညာဒါနသင်ကြားပေးနေသော ဆရာ/ဆရာမများ၏ ကိုယ်ရေးအချက်အလက်ပုံစံကို နောက်ဆက်တွဲ(စ)ဖြင့် ဖော်ပြထားပါသည်။

**နိဂုံး**

၈၁။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ဖွဲ့စည်းခြင်းနှင့် ထောက်ပံ့ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျစွာလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ဤ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်း လမ်းညွှန်ကို ထုတ်ပြန်လိုက်သည်။

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

နောက်ဆက်တွဲ(က)

**ဂေဟာတည်ထောင်ခွင့်ပြုရန်လျှောက်လွှာပုံစံ**

**(နည်းဥပဒေ ၅၁) ပုံစံ(၁၈)**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

နေပြည်တော်

အကြောင်းအရာ။ **ဂေဟာတည်ထောင်ခွင့်ပြုပါရန်လျှောက်ထားခြင်း**

၁။ ဂေဟာအမည် ----------------------------

၂။ ဂေဟာတည်နေရာအမှတ်( )------------ လမ်း၊---------------ရပ်ကွက်၊----------------မြို့၊ ------------------- မြို့နယ်၊-----------------တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်၊ စာတိုက်အမည် --------------------၊ စာပို့သင်္ကေတအမှတ် ------------------------

၃။ လျှောက်ထားသူအမည် --------------------------------------------------------

တာဝန်နှင့်အလုပ်အကိုင် --------------------------------------------------------

နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် --------------------------------------------------------

၄။ လျှောက်ထားသူ၏ --------------------------------------------------------

ကုမ္ပဏီ/အဖွဲ့အစည်း --------------------------------------------------------

၅။ ဂေဟာအမျိုးအစား --------------------------------------------------------

၆။ ဂေဟာ၏ရည်ရွယ်ချက် --------------------------------------------------------

(နောက်ဆက်တွဲဖြင့်ဖော်ပြရန်)

၇။ ဂေဟာရှိလူဦးရေ ကျား ------------ မ ------------- စုစုပေါင်း -----------

(နောက်ဆက်တွဲဖြင့် အသေးစိတ်ဖော်ပြရန်)

၈။ ဂေဟာအသင်းဝင်ဦးရေ --------------------------------------------------------

(နောက်ဆက်တွဲဖြင့် အသေးစိတ်ဖော်ပြရန်)

၉။ ဂေဟာအမှုဆောင်အဖွဲ့ဦးရေ --------------------------------------------------------

(နောက်ဆက်တွဲဖြင့်အသေးစိတ်ဖော်ပြရန်)

၁၀။ ဂေဟာတည်ရှိရာမြေအခြေအနေ --------------------------------------------------------

(မြေပိုင်ဆိုင်မှု)

၁၁။ ဂေဟာအဆောက်အဦ၏ အခြေအနေ -----------------------------------------------------
(ပိုင်ဆိုင်မှု)

၁၂။ ဂေဟာပိုင်ပစ္စည်းများအခြေအနေ -----------------------------------------------------
(နောက်ဆက်တွဲဖြင့်အသေးစိတ်ဖော်ပြရန်) ----------------------------------------

၁၃။ ဂေဟာ၏ငွေအခြေအနေ -----------------------------------------
(ငွေသား/ဘဏ်ရှိငွေ) -----------------------------------------

၁၄။ ဂေဟာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် -----------------------------------------
နှစ်စဉ်ဝင်ငွေ -----------------------------------------

၁၅။ သက်ဆိုင်ရာအာဏာပိုင် -----------------------------------------
အဖွဲ့အစည်းထောက်ခံချက် -----------------------------------------
(နောက်ဆက်တွဲဖြင့်အသေးစိတ်ဖော်ပြရန်)

၁၆။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် -------------------------------------------
လူမှုဝန်ထမ်းဦးစီးမှူး၏ ထောက်ခံချက် -------------------------------------------
(နောက်ဆက်တွဲဖြင့်အသေးစိတ်ဖော်ပြရန်)

လက်မှတ် ------------------------
အမည် -------------------------
- ကုမ္ပဏီ/အဖွဲ့အစည်း ရုံးတံဆိပ်
နိုင်ငံသားစိစစ်ရေး ------------------------
ကတ်ပြားအမှတ် ------------------------
တာဝန် -------------------------
အဖွဲ့အစည်း -------------------------
နေရပ်လိပ်စာ --------------------------

ရက်စွဲ ----------------------

ပုံစံ(၁)

**______________________ဂေဟာ/ရိပ်သာရှိ(ကလေး/ဘိုးဘွား)**

**လူဦးရေစာရင်း**

| စဉ် | အမည် | မွေး သက္ကရာဇ် | ဂေဟာ/ ရိပ်သာ ရောက် သည့် နေ့ | လူမျိုး/ ကိုးကွယ် သည့် ဘာသာ | ကလေး အမျိုး အစား | ပညာ အရည် အချင်း | နေရပ် လိပ်စာ |
|---|---|---|---|---|---|---|---|
| | | | | | | | |

ဥက္ကဋ္ဌ

အမည်

ရက်စွဲ၊ ---------------------------

ပုံစံ(၂)

______________________ဂေဟာ/ရိပ်သာ

**ကြီးကြပ်မှုကော်မတီစာရင်း**

**နာယကအဖွဲ့**

၁။ ------------------------

၂။ ------------------------

၃။ ------------------------

(သံဃာ/လူပုဂ္ဂိုလ်များပါဝင်ပါသည်)

**အလုပ်အမှုဆောင်အဖွဲ့**

| စဥ် | အမည် | မှတ်ပုံတင် | ရာထူး/အလုပ်အကိုင် | ဂေဟာတာဝန် | ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် |
|---|---|---|---|---|---|
| | | | | | |

ဥက္ကဋ္ဌ

ဦး/ဒေါ်--------------------------

ပုံစံ(၃)

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**-----------------------မြို့နယ်**

ရုံးတံဆိပ်                                                                 စာအမှတ်၊

ရက်စွဲ၊

သို့

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ဂေဟာ/ ရိပ်သာအဖြစ် တည်ထောင်ခွင့်ပြုရန် ထောက်ခံခြင်း**

--------------------------------တိုင်းဒေသကြီး/ပြည်နယ်၊--------------------မြို့နယ်၊အမှတ်(    )၊ --------------ရပ်ကွက်၊---------------------လမ်းတွင် ဖွင့်လှစ်ထားသော-------------ဂေဟာ/ရိပ်သာသည် မိဘမဲ့၊ဆင်းရဲ၊ခိုကိုးရာမဲ့ကလေး(    )ဦးအားပြုစုပျိုးထောင်ပညာသင်ကြားပေးလျက်ရှိပြီး လူမှုရေးလုပ်ငန်းသက်သက်ကိုသာ ဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်ကြောင်းထောက်ခံပါသည်။ အဆိုပါ ဂေဟာသည်အသင်းအဖွဲ့ဖွဲ့စည်းခွင့်အတွက် ဤမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပေးထားပြီး ဖြစ်ပါသည်။

ဥက္ကဋ္ဌ

အမည် -----------------

မိတ္တူ

ရုံးလက်ခံ
မျှော

ပုံစံ(၄)

မှတဆင့်

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံး

______________ တိုင်းဒေသကြီး/ပြည်နယ်

______________ မြို့

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

နေပြည်တော်

အကြောင်းအရာ။ **မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြခြင်း**

--------------------------တိုင်းဒေသကြီး/ပြည်နယ်၊ ---------------------မြို့နယ်၊ ( ) ရပ်ကွက်၊ ---------------- လမ်း၊အမှတ်( )တွင်ဖွင့်လှစ်ထားရှိသော ------------------ဂေဟာ/ရိပ်သာသည်ဂေဟာပိုင်မြေ---------------ဧကရှိပါကြောင်း အထောက်အထားဖြင့် ပူးတွဲတင်ပြပါသည်-

(က) ဘုန်းတော်ကြီးကျောင်းဖြစ်ပါကသာသနာ့မြေပုံနှင့်တကွ

(ခ) လူပုဂ္ဂိုလ်ဖြစ်ပါကမြေပိုင်ဆိုင်မှုအထောက်အထား (ဂေဟာပိုင်မြေအမည်ပေါက် (သို့မဟုတ်)ဂေဟာသို့အပြီးအပိုင် လှူဒါန်းထားသည့်စာချုပ်စာတမ်းရုံးမှတ်ပုံတင်စာချုပ်)

ဥက္ကဋ္ဌ

အမည်---------------------

ရက်စွဲ၊ -------------------------

ပုံစံ(၅)

မှတဆင့်

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းဦးစီးမှူး

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံး

______________ တိုင်းဒေသကြီး/ပြည်နယ်

______________ မြို့

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

နေပြည်တော်

အကြောင်းအရာ။ **အဆောက်အဦစာရင်းတင်ပြခြင်း**

၁။ ------------------ ဂေဟာ/ရိပ်သာကို------------------- တိုင်းဒေသကြီး/ပြည်နယ်၊ ---------- မြို့နယ်၊ -------------- ရပ်ကွက်၊ --------------လမ်း၊အမှတ်( )တွင်ဖွင့်လှစ်ထားရှိပါသည်။

၂။ ဤဂေဟာ/ရိပ်သာ၏ ပိုင်ဆိုင်သောမြေဧရိယာ-------------------ဧကပေါ်မှ ဂေဟာပိုင် အဆောက်အဦများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကလေးများအိပ်ဆောင်

( )အမျိုးအစား၊ ( ပေ x ပေ)-------------------------ထပ်

(ခ) ထမင်းစားဆောင်

(ဂ) -------------------------------

(ဃ) -------------------------------

ဥက္ကဋ္ဌ

အမည်---------------------------

ရက်စွဲ၊ -------------------------------

ပုံစံ(၆)

**----------------------ဂေဟာ/ရိပ်သာ၏ရန်ပုံငွေစာရင်း**

---------------------- ဂေဟာ/ရိပ်သာတွင်ရန်ပုံငွေ ----------------ကျပ် ရှိပါသည်။ မြန်မာ့စီးပွားရေးဘဏ်စာရင်း(မိတ္တူ)ကိုပူးတွဲတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

အမည်--------------------------

ရက်စွဲ၊ ------------------------------

ပုံစံ(၇)

## ဂေဟာ/ရိပ်သာရှိပစ္စည်းများစာရင်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| | | | | |

ဥက္ကဋ္ဌ

အမည်-------------------------------

ရက်စွဲ၊ -------------------------------

ပုံစံ(၈)

—————————————ဂေဟာ/ရိပ်သာ

| |
|---|
| ဆိုင်းဘုတ်နောက်ခံနှင့်<br>ကလေး/ဘိုးဘွားများ၏ဓါတ်ပုံ<br>၄ x ၆ |

**ဂေဟာ/ရိပ်သာများသို့အသိအမှတ်ပြု/အဆင့်တိုးမြှင့်ပေးရန်**

**လူမှုဝန်ထမ်းဦးစီးမှူးများ၏စစ်ဆေးချက်မှတ်တမ်း(ပုံစံ)**

၁။ ဂေဟာ/ရိပ်သာအမည်

၂။ တည်နေရာလိပ်စာ

၃။ စတင်တည်ထောင်သည့်နေ့

၄။ လူမှုဝန်ထမ်းဦးစီးဌာနမှအသိအမှတ်ပြုသည့်နေ့ (ပထမအဆင့်) -

(ဒုတိယအဆင့်) -

(တတိယအဆင့်) -

၅။ ဂေဟာ/ရိပ်သာတည်ထောင်သည့်ရည်ရွယ်ချက်

(နောက်ဆက်တွဲဖြင့်ဖော်ပြရန်)

၆။ လက်ခံသောကလေး/ဘိုးဘွားအမျိုးအစား/အသက်အရွယ်

၇။ လက်ခံနိုင်သောလူဦးရေ

၈။ လက်ရှိလူဦးရေ (ကျား+မ=ပေါင်း)

၉။ ပညာသင်ကြားပေးမှုအခြေအနေ

၁၀။ ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေ

၁၁။ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုအခြေအနေ

၁၂။ ကျွေးမွေးမှုအစီအစဉ်

၁၃။ တစ်နေ့တာလုပ်ငန်းဆောင်ရွက်မှုအချိန်ဇယား(နောက်ဆက်တွဲဖြင့်ဖော်ပြရန်)

၁၄။ ကလေးများ/ဘိုးဘွားများအားကြည့်ရှုစောင့်ရှောက်ပေးသည့်ဝန်ထမ်းအင်အား

(care giver)

၁၅။ ရန်ပုံငွေရရှိမှုအခြေအနေ

၁၆။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူး၏သုံးသပ်ချက်

နောက်ဆက်တွဲ(ဂ)

**ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအသိအမှတ်ပြုရေးအတွက်**
**တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများ၏ စိစစ်ချက်ပုံစံ(၁)**

| စဥ် | အမိကစံသတ်မှတ်ချက် | ကျောင်းအမည် | မှတ်ချက် |
|---|---|---|---|
| ၁ | ကျောင်းလက်ခံ ကလေးများသည် အသက်(၃)နှစ်ပြည့်ပြီး (၅)နှစ်အောက်ဖြစ်ရမည်။ | | |
| ၂ | ကျောင်းအုပ်နှင့် ဆရာမများ အနည်းဆုံး(၁)ဦးသည် လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်သည့် မူကြိုဆရာမသင်တန်း တက်ရောက်ပြီးဖြစ်ရမည်။ (သို့မဟုတ်) လူမှုဝန်ထမ်း ဦးစီးဌာနက လက်ခံသည့် မူကြိုဆရာမ သင်တန်းတစ်ခုခု တက်ရောက်အောင်မြင်ပြီးဖြစ်ရမည်။ | | |
| ၃ | ကျောင်းအုပ်သည် ဘွဲ့ရ(သို့မဟုတ်)ဘွဲ့နှင့် ညီမျှသော ဒီပလိုမာရပြီး အသက်(၂၅)နှစ်ပြည့်ပြီးသူဖြစ်ရမည် | | |
| ၄ | လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသည့် သင်ရိုး ညွှန်းတမ်း အချိန်ဇယားနှင့်အညီ ကလေးများအား ပြုစု ပျိုးထောင်ရမည်။ | | |
| ၅ | ကလေးတစ်ဦးအတွက် အနည်းဆုံးဧရိယာ(၁၈)စတုရန်းပေ စီရှိသည့် အဆောက်အဦရှိရမည်။ | | |
| ၆ | ကလေး(၃၀)ဦးအထိ ကျောင်းအုပ်အပါအဝင် အနည်းဆုံး ဆရာမ(၂)ဦးရှိရမည်။ | | |

စစ်ဆေးသူလက်မှတ် ----------- စစ်ဆေးသူလက်မှတ် ----------- စစ်ဆေးသူလက်မှတ် -----------
စစ်ဆေးသူအမည် ----------- စစ်ဆေးသူအမည် ----------- စစ်ဆေးသူလက်မှတ် -----------
စစ်ဆေးသူရာထူး ----------- စစ်ဆေးသူရာထူး ----------- စစ်ဆေးသူရာထူး -----------

နောက်ဆက်တွဲ(ဃ)

**ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအသိအမှတ်ပြုရေးအတွက်**

**တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများ၏ စိစစ်ချက်ပုံစံ(၂)**

| စဉ် | ယေဘူယျစံ | ကျောင်းအမည် | အဆင့် | ရမှတ် |
|---|---|---|---|---|
| ၁ | ကလေး(၃၀)ဦးပြည့်ပြီး ကလေး(၁၅)ဦးတိုးတိုင်း ဆရာမ(၁)ဦး တိုးခန့်ရမည်။ | | | |
| ၂ | ဆရာမအားလုံး (၆)လအတွင်း မူကြိုဆရာမသင်တန်း တက်ပြီး ဖြစ်ရမည်။ | | | |
| ၃ | ကျောင်းအုပ်သည် ကလေးသူငယ်ဆိုင်ရာ ရှေးဦးသူနာပြု အခြေခံသင်တန်း တက်ပြီးဖြစ်ရမည်။ | | | |
| ၄ | ဆရာမများသည် အနည်းဆုံး အလယ်တန်းအောင်မြင်ပြီး အကူဝန်ထမ်းသည် မူလတန်းပညာ ပြီးဆုံးရမည်။ | | | |
| ၅ | ကျောင်းအုပ်၊ ဆရာမ၊ အကူဝန်ထမ်းများ ကျန်းမာ၍ ကူးစက်ရောဂါကင်းစင်ရမည်။ | | | |
| ၆ | လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသည့် သင်ရိုးညွှန်တမ်းနှင့် လမ်းညွှန်ချက် အချိန်ဇယားရှိရမည်။ | | | |
| ၇ | ကျောင်းအဆောက်အဦသည် သပ်ရပ်လုံခြုံခြင်း၊ အပူချိန်သင့်တင့်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်းနှင့် ကလေးအန္တရာယ်ကင်းရှင်းရမည်။ | | | |
| ၈ | ကလေးများအတွက် စာသင်ကြားရန်၊ ကစားရန်၊ စားသောက်ရန် နေရာရှိရမည်။ | | | |
| ၉ | သင်ကြားမှုအထောက်အကူပြုပစ္စည်းများဖြင့် သင်ယူမှုနေရာ (Learnin g Corner)ထားရှိ ပေးရမည်။ | | | |
| ၁၀ | စာအုပ်ကော်နာ (Mini Library Corner) ထားရှိပေးရမည်။ | | | |
| ၁၁ | သင့်တင့်သောပရိဘောဂနှင့် မီးဖိုချောင်ပစ္စည်းရှိရမည်။ | | | |
| ၁၂ | ကလေးများ မှက်၊ ခြင်၊ ယင်မှ ကာကွယ်ပေးသည့် အစီအစဉ်ရှိရမည်။ | | | |
| ၁၃ | သင့်တင့်သော ရေအိမ်စနစ်ရှိရမည်။ | | | |
| ၁၄ | သန့်ရှင်းသောသောက်ရေ၊ သုံးရေများ လုံလောက်စွာရှိရမည်။ | | | |
| ၁၅ | ရှေးဦးသူနာပြု ဆေးသေတ္တာရှိရမည်။ | | | |
| | **စုစုပေါင်း** | | | |

စစ်ဆေးသူလက်မှတ် ----------- စစ်ဆေးသူလက်မှတ် ----------- စစ်ဆေးသူလက်မှတ် -----------

စစ်ဆေးသူအမည် ----------- စစ်ဆေးသူအမည် ----------- စစ်ဆေးသူလက်မှတ် -----------

စစ်ဆေးသူရာထူး ----------- စစ်ဆေးသူရာထူး ----------- စစ်ဆေးသူရာထူး -----------

နောက်ဆက်တွဲ(င)

**ပြည်တွင်းမှပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းက**

**မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန်လျှောက်လွှာ**

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေ၁၆(က) ပုံစံ(ဆ)

သို့

-------------------- တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး

--------------------- တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး

---------------------- မြို့။

ရက်စွဲ၊ ------------------

အကြောင်းအရာ။ **မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန်လျှောက်ထားခြင်း**

လျှောက်ထားသူ ---------------- မြန်မာကုမ္ပဏီ/အသင်းအဖွဲ့ ------------------------ သည် အသက်သုံးနှစ်ပြည့်ပြီး ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတသက်တာ အလေ့အကျင့်ကောင်းများရရှိရေးအတွက် ပြုစုပျိုးထောင်ပေးရန်အလို့ငှာ မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါသဖြင့် သက်ဆိုင်ရာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ၏အမည်နှင့်အဖအမည် ........................................

လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်.............................

လျှောက်ထားသူ၏အသက်နှင့်မွေးသက္ကရာဇ်..........................................

လျှောက်ထားသူ၏လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ................................

ကုမ္ပဏီ/အသင်းအဖွဲ့တွင်လျှောက်ထားသူ၏တာဝန်နှင့်အလုပ်အကိုင်.................

..........................................................................................

.........................................................................................

လျှောက်ထားသူ၏နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေး
လိပ်စာ.............................................................................

.............................................................................

၂။ မူလတန်းကြိုကျောင်းအမည်.....................................................
မူလတန်းကြိုကျောင်း၏တည်နေရာလိပ်စာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်၊ဖက်(စ်)
အမှတ်နှင့်အီးမေးလ် လိပ်စာ ..................................................

.............................................................................

၃။ မူလတန်းကြိုကျောင်းအမျိုးအစား ................................ ............

.............................................................................

၄။ လျှောက်ထားသူ၏ကုမ္ပဏီ/အသင်းအဖွဲ့အမည်၊ မှတ်ပုံတင်အမှတ်၊ တည်နေရာလိပ်စာ
နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေးလိပ်စာ ..................

.............................................................................

.............................................................................

၅။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊

(ခ) မူလတန်းကြိုအရွယ် ကလေးသူငယ်များဖြစ်သည့် အသက်(၃)နှစ်ပြည့်ပြီးအသက် (၄)နှစ်ထိကလေးသူငယ်ဦးရေ၊ အသက်(၄)နှစ်မှ(၅)နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက်(၅)နှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့အပ်နှံခြင်းမပြုသေးသော ကလေးသူငယ်ဦးရေ၊စုစုပေါင်းမူလတန်းကြိုအရွယ်ကလေးသူငယ်ဦးရေ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံအမျိုးအစား၊ အကျယ်အဝန်း၊ မူလတန်းကြိုကျောင်းအခန်းဦးရေ၊ အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် ယင်းအထောက်အထားများ၏မိတ္တူ သို့မဟုတ် ဓါတ်ပုံ၊

(ဃ) မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့်ဆရာ၊ ဆရာမအသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ မူလတန်းကြိုအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်းတစ်ခုခုအောင်လက်မှတ်၊

နိုင်ငံသားတာဝန်ခံကျောင်းအုပ်နှင့်ဆရာ၊ ဆရာမများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အထောက်အထားမိတ္တူ၊

နိုင်ငံခြားသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ဆရာမများ၏နိုင်ငံ၊ နိုင်ငံသားအမည်၊ ပတ်စ်ပို့နှင့်ဗီဇာအထောက်အထားမိတ္တူ၊

(စ) ဆရာ၊ဆရာမများနှင့်ဝန်ထမ်းဦးရေ၊

(ဆ) ရက်သတ္တတစ်ပတ်စာသင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာခရိုင်လူမှုဝန်ထမ်းရုံး၏ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့်ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာအကူအညီပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့်ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကိုလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံချက်။

လက်မှတ် ...................

လျှောက်ထားသူအမည် ...................

လျှောက်ထားသူတာဝန်...................

နောက်ဆက်တွဲ( စ)

**တက်ကြွစွာလှုပ်ရှားသောစေတနာမူလတန်းညကျောင်းများတွင်ပညာဒါနသင်ကြားပေးနေသော ဆရာ/ဆရာမများ၏ကိုယ်ရေးအချက်အလက်ပုံစံ**

ဓါတ်ပုံ

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | အဘအမည် | - |
| ၃။ | လူမျိုး/ဘာသာ | - |
| ၄။ | ပညာအရည်အချင်း | - |
| ၅။ | မွေးသက္ကရာဇ် | - |
| ၆။ | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | - |
| ၇။ | စတင်သင်ကြားပေးသည့် (ရက်/လ/နှစ်) | - |
| ၈။ | သင်ကြားသည့်ဘာသာရပ် | - |
| ၉။ | နေရပ်လိပ်စာ | - |
| ၁၀။ | ဆက်သွယ်ရမည့်ဖုန်းအမှတ် | - |

**ထောက်ခံချက်**

တံဆိပ်ဝိုင်း

ကျောင်းအုပ်(သို့မဟုတ်)တာဝန်ခံလက်မှတ်